NSW ပြည်နယ်ပညာရေး ဌာန

## Notice of expulsion - serious behaviour/s of concern

### Using the telephone interpreter service to contact the school

# ဆိုးရွားသည့် စိုးရိမ်ဖွယ်ရာ အမူအကျင့်/ အမူအကျင့်များကြောင့် ကျောင်းမှ ထုတ်ပယ်ခြင်းဆိုင်ရာ အသိပေး အကြောင်းကြားချက်

## ကျောင်းသို့ ဆက်သွယ်ရန် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုကို အသုံးပြုခြင်း

ကျောင်းသားအမည်
Name of student

လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

ပူးတွဲဖော်ပြပါစာတွင် NSW ပြည်နယ် ပညာရေးဌာန၏ ကျောင်းသားများလိုက်နာရမည့် အမူအကျင့်ဆိုင်ရာ မူဝါဒနှင့် ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းနှင့် ကျောင်းထုတ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်ုပ်က သင့်ကလေးအတွက် ထုတ်ပြန်ထားသည့် ဆိုးရွားသည့် စိုးရိမ်ဖွယ်ရာ အမူအကျင့်/ အမူအကျင့်များကြောင့် ကျောင်းမှ ထုတ်ပယ်ခြင်းဆိုင်ရာ အသိပေး အကြောင်းကြားချက်နှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြထားပါသည်။

အခြားကျောင်း သို့မဟုတ် နေရာတွင် ပညာဆက်လက်သင်ယူခွင့် ရရှိစေရန် စီစဉ်နေစဉ်အတွင်း သင့်ကလေးအား ကျောင်းတက်ခွင့် ဆိုင်းငံ့ထားမည် ဖြစ်သည်။ ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ ကျောင်းမှ ပုဂ္ဂိုလ်တစ်ဦးဦးက သင့်အား ဆက်သွယ်သွားမည် ဖြစ်သည်။

သင့်ကလေး ကျောင်းထုတ်ခြင်းခံရပါက သင် သိရှိထားရမည့် သတင်းအချက်အလက်များကိုလည်း ပူးတွဲဖော်ပြထားပါသည်။

ပူးတွဲဖော်ပြပါ စာကို နားလည်ရန် အခက်အခဲရှိပါက ကျွန်ုပ်တို့က ရှင်းပြနိုင်ရန် ကျောင်းသို့ ဆက်သွယ်ပါ။ ကျောင်းသို့ ဆက်သွယ်ရာတွင် စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပြောပြပါ။ ၎င်းက သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။

ကျောင်းအုပ်ကြီးအမည်
Name of Principal

ကျောင်းအုပ်ကြီး၏ ဖုန်းနံပါတ်
Principal’s phone number



NSW GOVERNMENT